MLGRWE

မဟူရာပွင့်စာပေ
ပညာပေးစာစဉ် အမှတ်စဉ် (၁)

အထူးထုတ်

# ပန်းအလှပင်မွေး၍ စီးပွားရေးလုပ်ကိုင်ခြင်း


အမျိုးသားစာပေဆုရ

**အောင်စိုး**


(စိုက်ပျိုး/၁၀၇)



မဟာရာပွင့်စာပေ

ပညာပေးစာစဉ် အမှတ်စဉ် (၁)

# ပန်းအလှပင်စိုက်ပျိုး၍ စီးပွားရေး လုပ်ကိုင်ခြင်း

ရေးသူ

အမျိုးသားစာပေဆုရ အောင်စိုး (စိုက်ပျိုး ၁၀၇)

**"ပညာပေး၍ တိုင်းပြည်တိုးတက်ရေးဆောင်ရွက်အံ့"**

***Country Development Through Education***

၂၀၁၈-ခုနှစ်၊ ဇန်နဝါရီ

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် အုပ်ရေ (၅၀၀)

ထုတ်ဝေသည့်ကာလ - ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

ထုတ်ဝေသူ - ဦးအောင်စိုး၊ မဟူရာပွင့်စာပေ
(ထုတ်ဝေခွင့်အမှတ် - ၁၅၇၈)
အမှတ် (F-2, F-4)၊ မဟူရာပွင့်
မြေပဒေသာကျွန်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၅၁၇)၊ ဘ၀မြင့်၊ ကန်တော်လမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - မဟူရာပွင့်စာပေ

အတွင်းနှင့်မျက်နှာဖုံး ပုံနှိပ် - ရွှေအမြုတေ

ကွန်ပျူတာ - Golden Bell, နဒီလှိုင်

တန်ဖိုး - [illegible]

ဆက်သွယ်ရန်ဖုန်း - [illegible]၂၁၀၆၊ ၀၉-၄၉၂၂၅၉၆၀၊
၀၉-၅၄၀၁၀၂၇

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးတင်စကား | |
| ၂။ | နိဒါန်း | က |
| | အခန်း (၁) | |
| ၃။ | ပန်းအလှပင်မွေး၍ စီးပွားရေးလုပ်ကိုင်ခြင်း | ၁ |
| ၄။ | အပင်မွေးမြူရေးအတွက် အသုံးပြုရမည့်မြေအမျိုးအစားများ | ၁ |
| ၅။ | အမြစ်ထွက်ဆေးများ | ၁၀ |
| ၆။ | အမြစ်ထွက်ဆေးဟု ယူဆနေသော အခြားဆေးများ | ၁၂ |
| ၇။ | ထူးခြားသောလှို့ဆော်ဆေး | ၁၅ |
| ၈။ | အပင်ငယ်များကို ကြီးထွားမှုမြန်အောင် ဆေးဖျန်းပြုစုခြင်း | ၁၆ |
| ၉။ | ဆေးချင်ခွက်အတိုင်းအတာ | ၁၈ |
| ၁၀။ | ပျိုးအိတ်အရွယ်အစားရွေးချယ်ခြင်း | ၁၉ |
| ၁၁။ | တစ်ဧကဧရိယာဖော်ပြခြင်း | ၂၀ |
| ၁၂။ | ပျိုးထောင်ခြင်း | ၂၂ |
| | အခန်း (၂) | |
| ၁၃။ | Ground Cover မြေဖုံး အပင်ငယ်များမွေးမြူခြင်း | ၂၄ |
| ၁၄။ | အနားကွပ်အပင်များ Hedge ပျိုးခြင်း | ၃၀ |
| | အခန်း (၃) | |
| ၁၅။ | အလှဆင်အပင်များမွေးမြူခြင်း | ၃၄ |

၁၆။ ကျောက်ခက်အမျိုးမျိုးမွေးမြူခြင်း ၃၆
၁၇။ ဆိုက်ပရပ်ကျောက်ခက် ၃၈
၁၈။ ရွက်လှမျိုးစုံမျိုးပွားမွေးမြူခြင်း ၄၁
၁၉။ ရွှေသပြေမွေးမြူခြင်း ၄၆

အခန်း (၄)

၂၀။ အပွင့်ပန်းမွေးမြူခြင်း ၅၀
၂၁။ ပုဏ္ဏရိပ်မျိုးပွားခြင်း ၅၇
၂၂။ နှင်းဆီပန်းမွေးမြူခြင်း ၆၀
၂၃။ စက္ကူပန်းမွေးမြူခြင်း ၇၀

အခန်း (၅)

၂၅။ ထန်းအမျိုးအစားမွေးမြူခြင်း ၇၃
၂၆။ ကွမ်းနီပင်မွေးမြူခြင်း ၇၄
၂၇။ ကြိမ်ဆက်ပင်မွေးမြူခြင်း ၇၉
၂၈။ အုန်းပွားပင်မွေးမြူခြင်း ၈၂
၂၉။ ကျူးဘားအုန်းပင်မွေးမြူခြင်း ၈၉
၃၀။ ဖောက်စ်တေးမွေးမြူခြင်း ၉၂

အခန်း (၆)

၃၁။ ပုံသွင်းအပင်မွေးမြူခြင်း ၉၆
၃၂။ ဗိုလ်ကတော်မျက်ခုံးပင်မွေးမြူခြင်း ၁၀၀

၃၃။ ဆေးရိုးပင် (ဥန္နဲပင်) ၁၀၁

အခန်း (၇)

၃၄။ အရိပ်ရပင်မွေးမြူခြင်း ၁၀၂

၃၅။ ပိတောက်ပင်မွေးမြူခြင်း ၁၀၃

၃၆။ တရုတ်စကားပျိုးထောင်ခြင်း ၁၀၆

၃၇။ ခရေပင်မွေးမြူခြင်း ၁၁၀

၃၈။ ကံ့ကော်ပင်ပျိုးထောင်ခြင်း ၁၁၄

၃၉။ စိန်ပန်းကြီးအပင်မွေးမြူခြင်း ၁၁၇

အခန်း (၈)

၄၀။ မြက်မွေးမြူခြင်း ၁၁၉

၄၁။ ဂျပန်မြက်မွေးမြူခြင်း (၁) ၁၁၉

၄၂။ ဂျပန်မြက်မွေးမြူခြင်း (၂) ၁၂၂

၄၃။ ဘဲစားမြက်စိုက်ပျိုးမွေးမြူခြင်း ၁၂၃

၄၄။ နိဂုံး ၁၂၅

၄၅။ ကျမ်းကိုးစာရင်း ၁၂၇

# ကျေးဇူးစကား

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးခဲ့ကြသော မိမိတို့စိတ်ဝင်စားရာပန်းပင်အမျိုးအစားများကို စီးပွားဖြစ်မွေးမြူ၍ "လိုင်း"အဖြစ်ကိုင်ထားကြသူများထဲမှ "နှင်းဆီပင်မွေးမြူရေး"နှင့် ပတ်သက်၍ စီးပွားရေးလိုင်းကြီးအဖြစ်ကိုင်ထားသော ကျောက်ပန်းတောင်း မြို့နယ်၊ ညောင်ကန်ကျေးရွာမှ ဦးသန်းထွန်းမိသားစု၊ ကွမ်းနီပင်မွေး၍ စီးပွားဖြစ်လုပ်ကိုင်နေသော သံလွင်ပျိုးဥယျာဉ်ရေကြောင်းသိပ္ပံမှ ဦးလှဝင်း ရွှေပြည်သာမှ ဦးကျော်ဝင်း၊ မင်္ဂလာဒုံမှ ဦးဝင်းကြည်၊ ထန်းအမျိုးအစားများ မွေးမြူ၍ လိုင်းအဖြစ်ကိုင်ထားသော မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာမှ ကိုအငယ်လေးမိသားစု၊ အရိပ်ရပင်များကိုလိုင်းအဖြစ် ကိုင်ထားသော ပုလဲမြို့သစ်မှ ဒေါ်မြစန်း မိသားစု ပန်းအလှပင်၊ အပွင့်ပန်းမျိုးစုံကိုလိုင်းကြီးအဖြစ် ကိုင်ထားသော စော်ဘွားကြီးကုန်း၊ တိုင်းရွှေဂုံ ပျိုးဥယျာဉ်မှ ဦးလှဝင်းမိသားစု မြက်အမျိုးမျိုးကို လိုင်းအဖြစ်ကိုင်ထားသော တညင်းကုန်းမှ ကိုဇာမိုးနှင့် စာမူကိုစိတ်ရှည်လက်ရှည်ရိုက်ပေးကြသော နဒီလှိုင် ကွန်ပျူတာနှင့် Goldell Bell ကွန်ပျူတာတို့အားလည်းကောင်း ကျေးဇူးအထူးတင် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားစာပေဆုရ

အောင်စိုး(စိုက်ပျိုး/၁၀၇)

# နိဒါန်း

ပန်းအလှပင်မွေး၍ စီးပွားရေးလုပ်ကိုင်မည့်သူအနေနှင့် မိမိကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရာတွင် မိမိ၏ လုပ်ငန်းကို မည်သို့ အလုပ်စတင်လျှင် မည်မျှရင်းနှီးမြှုပ်နှံပြီး၊ အချိန်မည်မျှကြာလျှင် အတိုင်းအတာတစ်ခုအထိ မည်မျှအကျိုးအမြတ်ရနိုင်မည်။ စီးပွားရေးတွက်ချေကိုက်နိုင်မည်တို့ကို စနစ်တကျ တွက်ချက်ပြီးမှ လုပ်ဆောင်ကြရန် ဖြစ်ပါသည်။

အနှစ် (၂၀)ကျော် လုပ်ငန်းအတွေ့အကြုံများအရ မိမိလက်လှမ်းမှီသလောက် အတိုင်းအတာဖြင့် အချိန်တိုအတွင်း စီးပွားရေး တွက်ချေကိုက်နိုင်ပြီး၊ ရေရှည်လည်းဆက်၍ လုပ်ကိုင်နေပါက အကျိုးအမြတ် ဖြစ်ထွန်းနေမည်ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများမှ အချို့ကို မျှဝေပေးလို၍ ဤစာအုပ်ကို ရေးရခြင်းဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နိုင်သော လုပ်ငန်းအမျိုးအစားပေါင်း မြောက်များစွာရှိနေရာ မည်သည့်စိုက်ပျိုးရေးကို လုပ်ကိုင်လျှင် အရင်းအနှီးအထိုက်အလျောက်ဖြင့် စီးပွားရေးတွက်ချေကိုက်နိုင်မည်တို့ကို လည်းကောင်း မိမိဖော်ပြမည့်လုပ်ငန်းများသည် စိုက်ပျိုးရေး ကို အခြေခံလုပ်ဆောင်ပြီး စီးပွားရေး တွက်ချေကိုက်နိုင်မည်ဖြစ်သော နည်းလမ်းအချို့ကို လည်းကောင်း တတ်နိုင်သမျှ အသေးစိတ်ဖော်ပြထားပါသည်။

ဤလုပ်ငန်းများမှာ "ပန်းအလှပင်များကို စိုက်ပျိုးမွေးမြူ၍ စီးပွားရေးလုပ်ငန်းတစ်ခုခုကို တည်ထောင်လုပ်ကိုင်နိုင်ရန်" ဖြစ်ပါသည်။

ပန်းအလှပင်စိုက်ပျိုးမွေးမြူသောလုပ်ငန်း ဟုဆိုသဖြင့် ဤအလုပ်များမှာ ခက်ခဲသောလုပ်ငန်း အမျိုးအစားမျိုး ဖြစ်သည်ဟု တွေးထင်ရန် မလိုပါ။ လက်တွေ့လုပ်ဆောင်လျှင် အလုပ်က ပညာပေးသွားမည်သာ ဖြစ်ပါသည်။ ပန်းအလှပင်စိုက်ပျိုးရေးလုပ်ငန်းများမှာ ဒေသတစ်ခုတည်း ဉပမာ - ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ကဲ့သို့သောဒေသများတွင်သာ လုပ်ကိုင်နိုင်သော လုပ်ငန်းမျိုးဖြစ်သည်ဟု အချို့က ယူဆနေကြပါသည်။ ထိုသို့ မဟုတ်ပါ။ ပန်းအလှပင်မွေးမြူသော လုပ်ငန်းများသည် မည်သည့်ဒေသ၊ မည်သည့်ရပ်ရွာတွင်မဆို လုပ်ကိုင်နိုင်သော လုပ်ငန်း အမျိုးအစား များ ဖြစ်ပါသည်။ မည်သည့်ဒေသတွင်မဆို လုပ်ကိုင်နိုင်သော လုပ်ငန်းအမျိုးအစားမျိုး

ဖြစ်သည်ဟုဆိုသော်လည်း မိမိဒေသ၊ မိမိဒေသ၏ ရေမြေပတ်ဝန်းကျင်၊ မိမိဒေသတွင် ဖြစ်နိုင်သောဈေးကွက်တို့ကိုမူ အခြေခံ၍ ရွေးချယ်ရမည်ဖြစ်ပါသည်။

အချို့အမျိုးအစားများကိုမူ မည်သည့်ဒေသ၊ မည်မျှဝေးလံသည့်ဒေသတွင်မဆို စိုက်ပျိုးလုပ်ကိုင် ထားသော်လည်း ဈေးကွက်ရှိနေသော အပင်အမျိုးအစားပေါင်းမြောက်များစွာ ရှိနေသည်ကိုလည်း ဖော်ပြ ထားပါသည်။ အဓိကမှာ မိမိရွေးချယ်သည့်လုပ်ငန်းအမျိုးအစားကို တစိုက်မတ်မတ်ဖြင့် အရည်အသွေးမီမီ၊ အရေအတွက်များများ ထုတ်လုပ်၍ ထွန်းထွန်းပေါက်ပေါက် ဖြစ်မြောက်အောင် ဆောင်ရွက်မည်ဟူသည့် ခိုင်မာသောစိတ်ထားဖြင့် ဆောင်ရွက်ကြရန်သာ ဖြစ်ပါသည်။

စီးပွားဖြစ်စိုက်ပျိုးမွေးမြူနိုင်သော လုပ်ငန်းအမျိုးအစား အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- Ground Cover ခေါ် မြေဖုံးအပင်ငယ်များ မွေးမြူခြင်း
- Hedge ခေါ် အနားကွပ်အပင်များ မွေးမြူခြင်း
- ပန်းအလှပင်များ မွေးမြူခြင်း
- အပွင့်ပန်းအပင်များ မွေးမြူခြင်း
- ထန်းအမျိုးအစားအပင်များ မွေးမြူခြင်း
- ပုံသွင်းအပင်များ မွေးမြူခြင်း
- အရိပ်ရပင်များ မွေးမြူခြင်း
- မြက်အမျိုးမျိုး မွေးမြူခြင်း
- နွယ်ပင်များ မွေးမြူခြင်း
- ကြာပင်ကဲ့သို့ရေကြိုက်သောအပင်များ မွေးမြူခြင်း စသည်တို့ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသောလုပ်ငန်းကွဲတစ်ခုစီတွင်ပင် ခွဲခြားလုပ်ကိုင်နိုင်သော အပင်အမျိုးအစား ပေါင်းမြောက်များစွာ ရှိနေပါသည်။ အမျိုးအစားရှိသမျှ ဖော်ပြနေလျှင်လည်း စာအုပ်ပေါင်းမြောက်များစွာ ရေးသော်မှ ကုန်နိုင်မည်မဟုတ်ပါ။ မိမိအနေနှင့် လုပ်ကိုင်နိုင်သော

လုပ်ငန်းအမျိုးအစားနှင့် လုပ်ကိုင်နည်း အချို့ကိုသာ အညွှန်းအဖြစ် အသေးစိပ် ဖော်ပြနိုင်ပါသည်။ မိမိလုပ်ကိုင်သောလုပ်ငန်း၊ ရွေးချယ်သောလုပ်ငန်းကို အရည်အသွေးမီမီနှင့် အရေအတွက်များများ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ရန်သာ အဓိကဖြစ်ပါသည်။

ယနေ့ပန်းလောက၊ အပင်လောကနှင့် Landscape လုပ်ငန်းများတွင် ရောင်းချနေသော၊ အသုံးပြုနေသော အပင်များ၏ (၅၀)ရာခိုင်နှုန်းခန့်မှာ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းရောင်းချနေရသော အပင်အမျိုးအစားများ ဖြစ်နေပါသည်ဟုဆိုလျှင် သင့်အနေနှင့် မည်သို့ခံစားပြီး လုပ်ဆောင်ပါမည်နည်း။

ဥပမာအနေနှင့် အလွယ်ဆုံးပြောရလျှင် ပုဏ္ဏရိပ်ပင် (၅၀၀)လိုချင်သည်ဟု အော်ဒါပေးလျှင် လည်းကောင်း၊ နှင်းဆီပင်လှလှ အပင် (၅၀၀)လိုချင်သည်ဟု အော်ဒါပေးလျှင်လည်းကောင်း ပေးနိုင်သူမရှိပါ။ ဤကဲ့သို့သော အော်ဒါမျိုးလာလျှင် မည်သို့လုပ်ဆောင်မည်ထင်ပါသနည်း။ တဘက်နိုင်ငံသို့ သွားယူပြီး သင့်အားပေးပါမည်။ ထိုခရီးသည် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ လားရှိုး၊ မြစ်ကြီးနားကဲ့သို့သော မြို့များနှင့် မိုင်မည်မျှ ကွာဝေးပါသနည်း။

အပင်မွေးမြူခြင်းလုပ်ငန်းမှာ တောထဲသွားပြီး လူမရှိသောနေရာတွင် အကြော်ကြော်၍ ရောင်းချသည့် လုပ်ငန်းမျိုးမဟုတ်ပါ။ အကြော်ကိုဝယ်စားမည့်သူမရှိသော်လည်း၊ အပင်စိုက်ထားသောနေရာသည် မည်မျှပင် ဝေးကွာသောနေရာ၊ ချောင်ကျသော နေရာတွင် မွေးမြူထားသည် ဖြစ်စေ သင့်အပင်က အရည်အသွေးမှီပြီး၊ အရေအတွက်လည်း များသည်ဆိုလျှင် အပင်လိုက်လံစိုက်ပျိုးပေးခြင်းဖြင့် စီးပွားရေးလုပ်ကိုင်နေသူများသည် သင့်အပင်များကို လာ၍ဝယ်ယူမည်မှာ စိတ်ချလက်ချနေရုံသာ ဖြစ်ပါသည်။ သို့ရာတွင် သင်၏ မွေးမြူရေးလုပ်ကိုင်ထားသော နေရာသည် ယာဉ်များအလွယ်တကူ၊ ရာသီမရွေးဝင်ထွက်၍ ရသောနေရာနှင့် သင့်ကို ဆက်သွယ်နိုင်သော ဖုန်းနံပါတ်ရှိရန်သာ လိုသည်ဟုဆိုပါလျှင် -

**Yesterday, Today and Tomorrow!**

**I am living for my Country and People, not for my Wealth and Dignity.**

အမျိုးသားစာပေဆုရ
အောင်စိုး (စိုက်ပျိုး/၁၀၇)

# အခန်း (၁)

# ပန်းအလှပင်မွေး၍ စီးပွားရေးလုပ်ကိုင်ခြင်း

ပန်းအလှပင်မွေးမြူ၍ စီးပွားရေးလုပ်ကိုင်မည့်သူအနေနှင့် အပင်မွေးမြူရေးလုပ်ငန်းများကို စတင်၍ မဆောင်ရွက်မီ ကြိုတင်၍ သိရှိရန် လိုအပ်သော အခြေခံလုပ်ငန်းအချို့ ရှိနေပါသည်။ ထိုလုပ်ငန်းများနှင့် ပတ်သက်၍ အထိုက်အလျောက် သိထားပြီးမှ လုပ်ဆောင်လျှင် လုပ်ငန်းများ ပိုမိုအောင်မြင်မည် ဖြစ်ပါသည်။ဤလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## "အပင်မွေးမြူရေးအတွက် အသုံးပြုရမည့်မြေအမျိုးအစားများ"

အပင်ငယ်ဖြစ်စေ၊ အပင်ကြီးဖြစ်စေ၊ ပျိုးအိတ်နှင့် မွေးမည့်အပင်များအတွက် "စပ်မြေ" ခေါ် ပျိုးအိတ်ထဲထည့်ရန်အတွက် အသုံးပြုနိုင်သော မြေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နွားချေး၊ ကြက်ချေး၊ ဆိတ်ချေး၊ မြင်းချေး၊ လင်းနို့ချေး စသည့်ချေးအမျိုးမျိုး
- သစ်ရွက်မြေဆွေး
- အမှိုက်ပုံမြေဆွေး
- အုန်းဆံမှုန့်
- ဖွဲပြာ
- နုန်းမြေ
- ကန်မြေ
- ဘုံနု ခေါ် မြစ်နုန်းမြေ
- သဲကြမ်း စသည်တို့ဖြစ်ပါ သည်။

အထက်ဖော်ပြပါ မြေများကို သင့်လျော်သလိုစပ်၍ အသုံးပြုကြသည့် မြေကို စပ်မြေဟုခေါ်ပါသည်။ စပ်မြေသည် အမျိုးမျိုးဖြစ်နိုင်ပါသည်။ တစ်ဦးနှင့်တစ်ဦး၊ ဒေသတစ်ခုနှင့်

တစ်ခု တူညီမည်မဟုတ်ပါ။ မိမိဒေသတွင် ရနိုင်သည်များကို အလျဉ်းသင့်သလို ရောစပ်၍ အသုံးပြုကြရန်သာ ဖြစ်ပါသည်။

## မြေဆွေးစပ်နည်းများ

(၁) - နုန်းမြေ / ကန်မြေ / ဘုံနု တမျိုးမျိုး
- နွားချေး/ ကြက်ချေး
- သဲကြမ်း

(၂) - နုန်းမြေ/ကန်မြေ/ဘုံနု တမျိုးမျိုး
- မြေဆွေး
- သဲကြမ်း

(၃) - နုန်းမြေ/ ကန်မြေ/ဘုံနု တမျိုးမျိုး
- သစ်ရွက်ဆွေး
- သဲကြမ်း

(၄) - နုန်းမြေ/ကန်မြေ/ ဘုံနု တမျိုးမျိုး
- ဖွဲပြာ
- သဲကြမ်း

(၅) - နုန်းမြေ/ကန်မြေ/ဘုံနု တမျိုးမျိုး
- ဖွဲပြာ
- အုန်းဆံမှုန့်
- သဲကြမ်း

နုန်းမြေ၊ ကန်မြေ၊ ဘုံနုမြေ အပေါ်ယံမြေများကို မှုန့်ညက်အောင် ပြုလုပ်ရပါမည်။ ထိုမြေမှုန့်တွင် ကျောက်စရစ်ခဲများ၊ သစ်မြစ်များ၊ မြက်အမြစ်များ မပါအောင် သန့်ရှင်းရပါမည်။

မြေဆွေး၊ သစ်ရွက်ဆွေး၊ အုန်းဆံမှုံ့တို့ကို ဇကာအကျဲဖြင့် ချရပါမည်။ သစ်သားအတိုအစများ၊ ကျောက်ခဲများ၊ ပလပ်စတစ်အစများ၊ အဝတ်စများ၊ ရာဘာစများ၊ ကျွတ်စများ၊ သံတိုသံစများ၊ မဆွေးမြေ့နိုင်သောပစ္စည်းများ မပါအောင် သန့်ရှင်းရပါမည်။

နွားချေး၊ ကြက်ချေးစသည်တို့ကို အနည်းငယ်ကျေညက်အောင် ပြုလုပ်ရပါမည်။ အတုံးအခဲကြီးများကို ဖယ်ရှားပစ်ရပါမည်။

သဲကြမ်းတွင် ကျောက်စရစ်ခဲများ၊ ပေါင်းပင်များ၊ သစ်မြစ်များ၊ အမှိုက်များ မပါရန် သတိပြုရပါမည်။

## "ရောစပ်ခြင်း"

မြေဆွေးများကို ရောစပ်ရာတွင် မည်သည့်ပစ္စည်း၊ မည်မျှထည့်ရမည် ဟုညွှန်ကြားရန် အခက်အခဲ ရှိပါသည်။ ကုန်ကြမ်းပစ္စည်းရမှုမှာ တစ်နေရာနှင့် တစ်နေရာ မတူနိုင်သဖြင့် ဤပစ္စည်း၊ ဤမျှထည့်ရမည်ဟု သတ်မှတ်ပေးရန် အခက်အခဲရှိပါသည်။ ထည့်သွင်းအသုံးပြုရသည့်မြေများ၏ အာနိသင်သဘောကို အနည်းငယ် ကြိုသိထားလျှင် မည်သည့်ပစ္စည်း၊ မည်မျှထည့်လျှင် သင့်လျော်မည်ကို သုံးသပ်၍ လုပ်ဆောင်နိုင်ရမည်သာ ဖြစ်ပါသည်။

နွားချေး၊ ကြက်ချေး၊ ဆိတ်/သိုးချေး၊ ဝက်ချေး၊ မြင်းချေး၊ လင်းနို့ချေး စသည့် ဤမြေဆွေးများကို ယေဘုယျအားဖြင့် နွားချေးဟုခေါ်သည့်အထဲတွင် အလိုလိုပါသွားပါသည်။ တခါတရံတွင် အခြားချေးများကို သီးသန့်အနေဖြင့် အသုံးပြုမှုရှိသော်လည်း အပေါင်းအားဖြင့် နွားချေးခေါင်းစဉ်အောက်တွင်သာ ရှိနေကြပါသည်။

## "နွားချေး၏ ဂုဏ်သတ္တိ"

မြေကြီးအတွင်း လေဝင်လေထွက် ကောင်းစေခြင်း၊ ရေထိန်းသိမ်းအားကောင်းစေခြင်း၊ သစ်ပင်အတွက် အဓိကအရေးကြီးသော အာဟာရဓာတ်များပါဝင်ခြင်း၊ သဲမြေများတွင် သစ်ဆွေးဓာတ် ရရှိစေ၍ ရေငတ်ဒဏ် ပိုမိုခံနိုင်စေခြင်း၊ မြေစေးများတွင် ရေစိမ့်ဝင်မှုဖြစ်စေ၍

စေးတွဲမှုကို လျော့စေနိုင်ခြင်း၊ လေဝင်လေထွက် ကောင်းစေခြင်းစသည့်သတ္တိများ ပါရှိပါသည်။

## "သစ်ဆွေးဓာတ်၏ ဂုဏ်သတ္တိ"

သစ်ဆွေးဓာတ်သည် ပျိုးအိတ်၊ ပျိုးအိုးဖြင့် ပျိုးသောအပင်များအတွက် အလွန်အရေးကြီးသော ပစ္စည်းဖြစ်ပါသည်။ အစိုဓာတ်ကို ထိန်းနိုင်ခြင်း၊ အပင်အာဟာရဓာတ်များကို လွယ်ကူစွာရစေခြင်း၊ မြေတွင်းရှိ အကျိုးပြုဘက်ကီးရီးယားများကို အကောင်းဆုံးအထောက်အကူပြုစေခြင်း စသည့်ဂုဏ်သတ္တိများရှိပါသည်။

## "မြင်းချေး၏ ဂုဏ်သတ္တိ"

မြင်းချေးသည် အစာနုများကိုသာ စားသုံးပြီးမှ စွန့်ပစ်သော စွန့်ပစ်ပစ္စည်းဖြစ်၍ နူးညံ့ခြင်းခြင်း၊ ဆွေးလွယ်ခြင်း၊ အပူဓာတ်များခြင်းတို့ကြောင့် အပင်အတွက် လိုအပ်သော နိုက်ထရိုတ်ဓာတ်ကို အလွယ်တကူ ရစေနိုင်သော သတ္တိရှိပါသည်။ မြင်းချေးတွင် နွားချေး မြေဆွေးထက် အာဟာရပိုပါဝင်ပြီး၊ အပင်အတွက် အလွယ်တကူအကျိုးဖြစ်စေပါသည်။

## "ဆိတ်ချေး၊ သိုးချေးများ၏ ဂုဏ်သတ္တိ"

ဆိတ်ချေး၊ သိုးချေးများသည် အခြားတိရစ္ဆာန်များ၏ ချေးများထက်မာကျောသော်လည်း အာဟာရဓာတ်များစွာ ပါဝင်ပါသည်။ ဆိတ်နှင့် သိုးများသည် သီးသန့်အစာကိုသာ စားသောက်သော တိရစ္ဆာန်များဖြစ်သဖြင့် ယင်းတို့၏ ချေးမှာ အခြားတိရစ္ဆာန် ချေးများနှင့် မတူဘဲ မာကျောနေခြင်းဖြစ်ပါသည်။

## "ကြက်ချေး၏ ဂုဏ်သတ္တိ"

ကြက်ချေးသည် လင်းနို့ချေးနှင့် မတူသော်လည်း လင်းနို့ချေးကဲ့သို့ အာဟာရဓာတ် ပိုကြွယ်ဝပါသည်။ ကြက်စာကို ကျွေးရာတွင် ငါးမှုန့်များ၊ ပုဇွန်မှုံများ၊ ခရုခွံများ စသည်တို့ကို ထည့်ကျွေးသဖြင့် နိုက်ထရိုဂျင်နှင့် ကယ်လစီယန်ဓာတ်ကြွယ်ဝစွာ ပါဝင်ပါသည်။

## "Night - Soil (မစင်)၏ ဂုဏ်သတ္တိ"

ဤမြေဩဇာသည် အာဟာရဓာတ်အကြွယ်ဝဆုံး မြေဩဇာ ဖြစ်ပါသည်။ ဤမြေဩဇာကို အသုံးပြုခြင်းဖြင့် ပန်းများ၏ အရောင်ကို ပို၍တောက်ပစေခြင်း၊ ဟင်းသီးဟင်းရွက်များတွင် ဖြစ်ထွန်းမှုကောင်းပြီး အရည်ရွှမ်းစေခြင်း သတ္တိများရှိပါသည်။ သို့ရာတွင် မြန်မာများအနေနှင့် သုံးရန် ဝန်လေးကြပါသည်။ (Night Soil) လူမမြင်အောင် ညပိုင်းမှ စွန့်ပစ်ရသောကြောင့် ခေါ်ခြင်းဖြစ်ပါသည်။

## "အရိုးမှုန့်မြေဩဇာ၏ ဂုဏ်သတ္တိ"

အရိုးမှုန့်မြေဩဇာသည် ဖော့စပရပ်နှင့် ကယ်လစီယန် ကြွယ်ဝသော မြေဩဇာဖြစ်ပါသည်။ ဤမြေဩဇာသည် လယ်ယာသီးနှံနှင့် ပန်းမာလ်သီးနှံများအတွက် အထူးသင့်လျော်သော မြေဩဇာ ဖြစ်ပါသည်။ စနစ်တကျထုတ်လုပ်သော အရိုးမှုန့်မြေဩဇာတွင် နိုက်ထရိုဂျင် (၃. ၅)ရာခိုင်နှုန်းနှင့် ဖော့စပရပ် အက်စစ် (၂၃)ရာခိုင်နှုန်းကျော် ပါဝင်ပါသည်။

## "လင်းနို့ချေး၏ ဂုဏ်သတ္တိ"

လင်းနို့ချေးမှာ သဘာဝမြေဩဇာဖြစ်၍ အာဟာရဓာတ်အလွန်ကြွယ်ဝသော မြေဩဇာဖြစ်ပါသည်။ လင်းနို့ချေးတွင် နိုက်ထရိုဂျင် (၁၄)ရာခိုင်နှုန်း၊ ဖော့စပရပ် (၁၂) မှ (၁၄)ရာခိုင်နှုန်းနှင့် ပိုတက်ဓာတ် (၂) မှ (၃)ရာခိုင်နှုန်း ပါဝင်ပါသည်။

## "ငါးမှုန့်မြေဩဇာ၏ ဂုဏ်သတ္တိ"

အမှုန့်ပြုလုပ်ထားသော ကြက်စာအဖြစ် ပြုလုပ်ထားသော ငါးမှုန့်များကို မြေဩဇာအဖြစ် အသုံးပြုပါက အပင်အာဟာရများစွာ ပါဝင်သော မြေဩဇာဖြစ်ပါသည်။ ငါးမှုန့်မြေဩဇာတွင် နိုက်ထရိုဂျင် (၁၀)ရာခိုင်နှုန်း၊ ဖော့စပရပ်အက်ဆစ် (၂၅)ရာခိုင်နှုန်းနှင့် ပိုတက်ဓာတ် (၁၂)ရာခိုင်နှုန်းအထိ ပါဝင်နိုင်ပါသည်။ ဤမြေဩဇာသည် ကျေပျက်မှုမြန်၍ သစ်သီးပင်အပါအဝင်

သီးနှံအားလုံးအတွက် ထိရောက်သော မြေဩဇာ ဖြစ်ပါသည်။ ငါးမှုန့်မြေဩဇာကို အပေါ်ယံတွင် ကြဲပက်ခြင်း၊ ရေဝပ်သော နေရာတွင် ထည့်သွင်းခြင်း မပြုလုပ်သင့်ပါ။ ထိုသို့ ပြုလုပ်ပါက မကောင်းသော အနံ့ဆိုးများ ထွက်နိုင်သောကြောင့် ဖြစ်ပါသည်။

## "ဆီကြိတ်ဖတ်(နှမ်း၊ မြေပဲ၊ နေကြာ၊ ကြက်ဆူ)များ၏ ဂုဏ်သတ္တိ"

ဆီကြိတ်ဖတ်များသည်လည်း အာဟာရကြွယ်ဝသော မြေဩဇာများဖြစ်ပါသည်။ ဆီကြိတ်ဖတ်များကို အမှုန့်ပြု၍ဖြစ်စေ၊ ရေတွင် တစ်ရက်နှစ်ရက်စိမ်၍ဖြစ်စေ အသုံးပြုရပါမည်။ ဆီကြိတ်ဖတ်များတွင် နိုက်ထရိုဂျင် (၄)ရာခိုင်နှုန်းမှ (၅)ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။

## "သဲ၏ ဂုဏ်သတ္တိ"

သဲသည် အပင်အတွက် လိုအပ်သော လေဝင်လေထွက်ကောင်းစေခြင်း၊ မြေစေးများကို ဖွယ်ခြင်း၊ ရေစီးရေလာကောင်းစေခြင်း သတ္တိများရှိပါသည်။

အထက်ပါပစ္စည်းများ၏ အခြေခံဂုဏ်သတ္တိများကို နားလည်ထားပါက မိမိတို့ဒေသတွင် ရနိုင်သော ကုန်ကြမ်းများကို အသုံးပြု၍ လုပ်ဆောင်ကြရန် ဖြစ်ပါသည်။ အထက်တွင် ဖော်ပြထားသော ရောစပ်နိုင်သော ပစ္စည်းများနှင့် တွဲ၍ သုံးရမည့်ပစ္စည်းများကို ဖော်ပြထားပါသည်။

အထူးသတိပြုရမည်မှာ မည်သည့်အချိုးဖြင့် ရောစပ်သည်ဖြစ်စေ၊ နုန်းမြေ၊ သဲနုန်းမြေ၊ ကန်မြေ၊ ဘုံနု ခေါ် မြစ်နုန်းမြေ၊ အပေါ်ယံမြေ တမျိုးမျိုးနှင့် သဲကြမ်းတို့ကို ပါဝင်ရမည်ကို သိရှိထားရန် လိုအပ်ပါသည်။ ဤမြေနှင့် သဲကို ပင်တိုင်ထားပြီး အခြားသော ကြက်ချေး၊ နွားချေး၊ မြေဆွေး၊ ဖွဲပြာစသည်တို့ကို သင့်သလို ရောစပ်အသုံးပြုကြရန် ဖြစ်ပါသည်။

## Jhon Inner Compose "ဂျွန်အင်းနားစပ်မြေ"

တစ်ကမ္ဘာလုံးအတိုင်းအတာအရ Horticulture ခေါ် ဥယျာဉ်ခြံသီးနှံလုပ်ကိုင်သူများ အနေဖြင့် လက်စွဲအသုံးပြုရမည့် စပ်မြေအချိုးရှိပါသည်။ ဤစပ်မြေအချိုးကို Jhon Inner

Compose ဟုခေါ်ပါသည်။ ဤစပ်မြေမှာ တကမ္ဘာလုံး အတိုင်းအတာအရ အသုံးပြုနေသော ပျိုးအိတ်နှင့် ပျိုးအိုးတွင် ထည့်သွင်း အသုံးပြုကြသည့် စပ်မြေအချိုးဖြစ်ပါသည်။ ဤ Jhon Inner Compose ကို တစ်ကမ္ဘာလုံးတွင် ထုတ်ဝေလျှက်ရှိသော Agriculture, Horticulture စာအုပ်များတွင် စံအဖြစ် ဖော်ပြထားကြသည်ဖြစ်၍ မိမိတို့လည်း အမှီပြု၍ ရောစပ်အသုံးပြုကြရန် ဖြစ်ပါသည်။

## Jhon Inner "စပ်မြေ"

ကောင်းစွာ မှုန့်ညက်အောင် ပြုထားပြီး ကျောက်ခဲများ၊ သစ်မြစ်များ စသည်များမပါအောင် သန့်စင်ထားသော

- နုန်းမြေ (၇) ဆ
- ဇကာချထားသော အမှိုက်ဆွေး၊ သစ်ရွက်မြေဆွေး (၃) ဆ
- ကျောက်စရစ်ခဲများမပါသော သဲဖြူကြမ်း (၂) ဆ ဖြစ်ပါသည်။

ဤအချိုးကို ထက်ဝက်ပြုပါက ၃½ : ၁½ : ၁ အချိုးရပါသည်။ ဤအချိုးကို မှီငြမ်းပြု၍ စပ်နိုင်သော၊ နမူနာယူထိုက်သော အချိုးဖြစ်၍ အထူးဖော်ပြလိုက်ပါသည်။

* * * * * * *

## အမြစ်ထွက်ဆေးများ

အပင်လောက ဟုဆိုအပ်သော သစ်ပင်ပန်းပင်ဖြင့် စီးပွားရေးလုပ်ကိုင်နေသူ အများစုသည် အထူးသဖြင့် လင့်စကိတ် (Landscape)လုပ်ငန်း လုပ်ကိုင်နေသူများ အပါအဝင် အပင်စိုက်ပျိုးမွေးမြူသူ အများစုသည်-

- $B_1$ ဘီဝမ်း
- Fertistart - ဖါတီစတက်

- Top Root - တော့ပ်ရု

ဤဆေးများကို အမြစ်ထွက်ဆေးများ ဟုစွဲမှတ်နေကြပါသည်။ အမှန်မှာ ဤဆေးများသည် အမြစ်ထွက်ဆေးများ မဟုတ်ကြပါ။ အပင်များကို မူလနေရာမှ ရွှေ့ပြောင်းခြင်း၊ အထူးသဖြင့် မြေကြီးတွင် စိုက်ထားသော အပင်များကို တူးရွှေ့ခြင်းများ ပြုလုပ်သည့်အခါ အပင်သည်ရှော့ (Shock) ဖြစ်သွားတတ်ပါသည်။ ရှော့ဖြစ်သည်ဆိုသည်မှာ အပင်များညိုးနွမ်းခြင်း၊ အရွက်များညိုးနွမ်းသွားခြင်း၊ ထိပ်ညွန့်များခြောက်သွားခြင်းများ စသည်တို့ဖြစ်တတ်ပါသည်။

ဤသို့ဖြစ်သည်မှာ လူနာကိုခွဲစိပ်မှုပြုသည့်အခါ ရှော့ဖြစ်သွားခြင်း၊ သတိလစ်သွားခြင်းမျိုး ဖြစ်သကဲ့သို့ ဖြစ်ပါသည်။ ထိုသို့ မဖြစ်ရန်အတွက် လူနာအတွက်မူ ခွဲစိပ်နေစဉ်ကာလမှာပင် လိုအပ်သော သွေးကိုအဆက်မပြတ် သွင်းပေးထားခြင်းဖြင့် တစုံတစ်ခု မှားယွင်းမှုမရှိအောင် ကြိုတင်၍ ပြုလုပ်ကြပါသည်။

အပင်များရွှေ့ပြောင်းခြင်း၊ ပျိုးအိတ်ကိုခွဲ၍ စိုက်ခြင်းများ ပြုလုပ်သည့်အခါ လူကိုခွဲစိပ်နေစဉ် လိုအပ်သော သွေးများ၊ ဆေးများကို အဆက်မပြတ်ပေးသကဲ့သို့ မပြုလုပ်နိုင်ပါ။ အပင်များကို ရွှေ့ပြောင်းစိုက်ပျိုးပြီး နေရာတကျဖြစ်မှသာ အထူးအားဆေးများကို စနစ်တကျ ထည့်ပေးရန် ဖြစ်ပါသည်။

အထက်ပါ ဆေးများမှာ အပင်ရွှေ့ပြောင်းစိုက်ပျိုးရာတွင် ရှော့မဖြစ်ရန် ညိုးမသွား၊ ကျမသွားရန်၊ အောက်လက်များ ခြောက်မသွားရန်အတွက် အချိန်ကိုက် စနစ်တကျ ထည့်ကျွေးမည့်ဆေးများ ဖြစ်ပါသည်။ ဤဆေးများကို အသုံးပြုသည့်အခါတွင် ရေတစ်ဂါလံတွင် ဆေးရည် ၁၀ စီစီမှ ၁၅စီစီ နှုန်းဖြင့်ထည့်၍ အသုံးပြုရန် ဖြစ်ပါသည်။

အပင်ကြီးများ အထူးသဖြင့် အရွက်မကြွေသော ကျူးဘားအုံး၊ ဖော်က်တေး (Foxtail)၊ အုန်းပင်၊ တောင်ထန်းပုပင်၊ ထန်းပင်၊ ထန်းပြာ စသည်များကို နေရာအသစ်တွင် ပြောင်းရွှေ့စိုက်ပျိုးသည့်အခါ မြေချစိုက်ပျိုး၍ အပင်များကို စနစ်တကျပြန်လည်ဖို့ပြီး

ရေနုပ်အောင်လောင်းပေးရပါမည်။ ရေလောင်းရာတွင် အကြောစေ့အောင်၊ လေဟာနယ်မရှိအောင်၊ အောက်ခြေအထိရေရောက်အောင် စနစ်တကျ လောင်းပေးရပါမည်။ ထိုသို့ ရေဝအောင်လောင်းပြီး အပေါ်ယံတွင် ရေခန်းသွားချိန်တွင်မှ အထက်ပါ ဆေးများကို အပင်၏ အရွယ်အစား၊ ကျင်း၏အရွယ်အစားကိုကြည့်၍ အမြစ်ထိပ်ရှိနိုင်သော နေရာများသို့ ဖြည်းဖြည်းချင်းလောင်းပေးရန် ဖြစ်ပါသည်။

ဤသို့ ဆေးရည်ထည့်ခြင်းကို အရွက်များသော အပင်ဖြစ်ပြီး ပူပြင်းသောရာသီတွင် ရွှေ့ပြောင်းရပါက (၃)နာရီခြားတစ်ကြိမ်၊ တနေ့လျှင် (၄)ကြိမ်မှ (၅)ကြိမ်အထိ ထည့်ပေးရန်။

ဒုတိယ၊ တတိယနေ့များတွင် နံနက် (၈)နာရီတွင် တစ်ကြိမ်၊ (၁၂)နာရီတွင် တစ်ကြိမ်၊ နေ့(၂)နာရီတွင် တစ်ကြိမ်ဖြင့် အနည်းဆုံး (၃)ကြိမ် ထည့်ပေးရပါမည်။ စတုတ္ထ၊ ပဉ္စမနေ့များတွင် (၁၀)နာရီ (၁)ကြိမ်နှင့် (၂)နာရီတွင် တစ်ကြိမ်ဖြင့် (၂)ကြိမ် ထည့်ကျွေးရန် ဖြစ်ပါသည်။ ဤသို့ (၅)ရက်မျှထည့်ကျွေးပြီး ရွှေ့ပြောင်းသော အပင်သည် အားရသော အခြေအနေရှိလျှင် ထားနိုင်ပါသည်။ မိမိစိုက်သော အပင်သည် တန်ဘိုးကြီးသော အပင်ဖြစ်ပါက ထိုထက်ပို၍ အသုံးပြုရန်ဖြစ်ပါသည်။ ဆေးတန်ဘိုးသည် အပင်တန်ဘိုး၏ (၂)ရာနှုန်းခန့်ပင် မကုန်ကျနိုင်ပါ။ အထူးသတိပြုရန် ဖြစ်ပါသည်။

အထက်ပါ ဆေးများသည် အမြစ်ထွက်ဆေး မဟုတ်သဖြင့် ထိုဆေးများကို အသုံးပြုခြင်းဖြင့် အမြစ်မထွက်နိုင်သည်ကို မှတ်သားရန် လိုအပ်ပါသည်။

* * * * * * *

## အမြစ်ထွက်ဆေးဟု ယူဆနေသော အခြားဆေးများ

အလားတူပင် အောက်ဖော်ပြပါ ဆေးများကိုလည်း အမြစ်ထွက်ဆေးများဟု မှတ်ယူနေကြပါသည်။

- အက်တောနစ်

- မော်ရီယယ်မုံး
- လစ်တိုစင်

စသည့် ဤဆေးများသည်လည်း အမြစ်ထွက်ဆေးများ မဟုတ်ကြသကဲ့သို့ ပိုးသတ်ဆေး အာနိသင်လည်းမရှိပါ။ မှိုသတ်ဆေးအာနိသင်လည်း မရှိပါ။ အားဆေး အာနိသင်လည်း မရှိကြပါ။ ဤဆေးများ၏ ဂုဏ်သတ္တိသည် "လှုံ့ဆော်ခြင်း" အစွမ်းသာရှိပါသည်။ ဤဆေးများကို စူပါဗိုက်ဆာ သို့မဟုတ် ရှာဆော်ကြီးနှင့် နှိုင်းယှဉ်နိုင်ပါသည်။ စူပါဗိုက်ဆာလုပ်သူသည် ယင်း၏အောက်ရှိ ဝန်ထမ်းများကို နေရာအလိုက် ခွဲဝေနေရာချထားပေးပြီး၊ သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်စေသကဲ့သို့သော ဆေးများဖြစ်ပါသည်။

ဤဆေးများကို အသုံးပြုသည့်အခါ ယင်းဆေးများ၏ သတ္တိသည် အရွက်ထွက်ရမည့် နေရာကို အရွက်ထွက်ဟု လည်းကောင်း၊ အဖူးဖူးရမည့်နေရာကို အဖူးဖူးဟုလည်းကောင်း၊ အသီးသီးရမည့် နေရာတွင် အသီးသီးဟုလည်းကောင်း၊ အပွင့်ပွင့်ရမည့်နေရာကို အပွင့်ပွင့်ဟုလည်းကောင်း၊ အမြစ်ထွက်ရမည့် နေရာတွင် အမြစ်ထွက်ဟုလည်းကောင်း လှုံ့ဆော်ပေးသောဆေးများ ဖြစ်ပါသည်။

ထို့ကြောင့် ဤဆေးများကို အသုံးပြုလိုသောအခါ အရွက်ဖျန်းမြေသြဇာများနှင့်တွဲ၍ အသုံးပြုရန် ဖြစ်ပါသည်။ အရွက်ဖျန်းမြေသြဇာများနှင့် တွဲ၍ အသုံးပြုသည့်အခါ အရွက်ဖျန်း မြေသြဇာများတွင် ပါဝင်သော NPK ဓာတ်ပေါင်းများအား N - နိုက်ထရိုဂျင်၏ အလုပ်အား အပြည့်အဝလုပ်ဆောင်အောင်၊ P - ဖော့စပရပ်၏ အလုပ်အား အပြည့်အဝလုပ်ဆောင် အောင်၊ K- ပိုတက်ဓာတ်၏ အလုပ်အား အပြည့်အဝလုပ်ဆောင်အောင် ထည့်ကျွေးသော မြေသြဇာဓါတ်များအား အချိန်အတိုအတွင်း သက်ဆိုင်ရာအစိတ်အပိုင်းများသို့ ရောက်အောင် လှုံ့ဆော်ပေးပါသည်။ ဤဆေးများကို သီးခြားအပင်ကို လောင်းခြင်းဖြင့် ထိရောက်သော အကျိုးမရနိုင်ပါ။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e - Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။



## စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

အဖဦးရွှေ(မြန်မာဆေးဆရာ)နှင့် အမိဒေါ်မုန်းတို့မှ ၁၉၃၉–ခုနှစ်၊ ဇွန်လ၊ (၂၅)ရက်နေ့တွင် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ညောင်ပင်လှ ကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ ညီအစ်ကိုမောင်နှမ (၃)ဦးအနက် အလတ်ဖြစ်ပါသည်။ ၁၉၆၀–ခုနှစ်တွင် မန္တလေးမြို့ တိုင်းချစ်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ၁၉၆၈ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်မှ **B.Ag** ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျောက်ပန်းတောင်းမြို့နယ်ရှိ မြေကျေးရှင်းဆည်ပေါက်စပျစ်ခြံတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၆–ခုမှ ၁၉၈၁–ခုနှစ်အထိ တောင်တွင်းကြီးမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၁–ခုနှစ်တွင် ညောင်ဦးစပျစ်ခြံသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့သို့ ပြောင်းရွှေ့ပြီး စပျစ်ခြံများ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလမှ ၁၉၈၉–ခုနှစ်၊ ဩဂုတ်လအထိ နိုင်ငံအချင်းချင်း အထောက်အပံ့ဖြင့် ပြင်သစ်ပြည်တွင် **"စပျစ်စိုက်ပျိုးရေးနှင့် စပျစ်ဝိုင်ထုတ်လုပ်ရေး လုပ်ငန်းများ"**ကို သွားရောက်သင်ကြားခဲ့ပါသည်။ ၁၉၈၅ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မိတ္ထီလာစပျစ်ခြံများ၏ ဇုန်မန်နေဂျာအဖြစ်လည်းကောင်း၊ အထက်မြန်မာပြည် ဥယျာဉ်ခြံသီးနှံများ၏ တာဝန်ခံအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၇–ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ် ဥယျာဉ်ခြံသီးနှံ ဌာနသို့ ပြောင်းရွှေ့ပြီး ဥယျာဉ်ခြံသီးနှံရုံး လက်ထောက်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၉–ခု၊ ဧပြီလ (၃၀)ရက်မှ မေလ(၇)ရက် နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် **UNDP** မှ ကြီးမှူးကျင်းပသော **"ထောပတ်သီး အဆင့်မြင့်ပြုပြင်ထုတ်လုပ်ရေး ဆွေးနွေးပွဲ"**သို့ တက်ရောက်ခဲ့ပါ သည်။

၁၉၉၈–ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် **"သုတပဒေသာ(သိပ္ပံနှင့်အသုံးချပညာရပ်)"**တွင် **"သန်းရစ်ဆယ်ဖြစ်လာခဲ့လျှင်"** စာမူဖြင့် ပထမဆုကိုလည်းကောင်း၊ ၂၀၀၆–ခုနှစ်တွင် "သုတပဒေသာ (သိပ္ပံနှင့်အသုံးချပညာရပ်)" ၌ **"ထိပ်ဆုံးသို့ အမြန်ရောက်ဖို့ စိုက်ပျိုးရေးနှင့် လှမ်းတက်စို့"**စာမူဖြင့် ပထမဆုကိုလည်းကောင်း၊ ၂၀၀၇–ခုနှစ်တွင် **"သုတပဒေသာ(သိပ္ပံနှင့်အသုံးချပညာရပ်)"** ၌ **"ပို့စ်တာဗက် ဆွတ်ခူးပြီး နောက်ပိုင်းဝယ်"**စာမူဖြင့် ပထမဆုကိုလည်းကောင်း၊ ၂၀၀၈–ခုနှစ်အတွက် **"ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ"**စာအုပ်ဖြင့် သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) ဘာသာရပ်တွင် အမျိုးသား စာပေဆုကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် **"သိပ္ပံနည်းကျလက်တွေ့အသုံးချ စပျစ်စိုက်ပျိုးရေး နည်းပညာ"**စာမူဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် အထက်ပါဘာသာရပ်၌ **"အရေးကြီးသီးနှံများတွင် တွေ့ရှိသော အာဟာရချို့တဲ့မှုနှင့် ယင်းတို့အားကုစားနည်း"**စာမူဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် **"သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ် စားသုံးရမည့်သစ်သီး (၃)မျိုး၊ ဖရဲသီး၊ သခွါးမွေး၊ နဂါးမောက်"**စာမူဖြင့် ဒုတိယဆုကိုလည်းကောင်း ရရှိခဲ့ပါသည်။

၂၀၀၀–ခုနှစ်၊ ဧပြီလတွင် အငြိမ်းစားယူခဲ့ပြီး ယခုအခါတွင် ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် နေထိုင်လျက် **"မဟူရာပွင့် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း"**အမည်ဖြင့် **Indoor/Outdoor** ပန်းအလှစိုက်ပျိုးခြင်းအပါအဝင် ရေတံခွန်/ရေပန်းနှင့် ဥယျာဉ်ပန်းခြံ ဖန်တီးခြင်းနှင့်ပတ်သက်သော စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်မှလည်း နိုင်ငံအကျိုးပြု စာပေများကို ရေးသားပြုစုလျက်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ဦးအောင်စိုး (မန်နေဂျင်းဒါရိုက်တာ)
မဟူရာပွင့် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း (မြေပဒေသာကျွန်း)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၉၂၂၅၉၆၀